## ဘုရားဂုဏ်တော်ကြည်ညို ပွားများရခြင်း
## ဝတ္ထုသာဓက (၂)

အိန္ဒိယနိုင်ငံ၊ ရာဇဂြိုဟ်မြို့ သူတောင်းစားများ နေထိုင်သော ရပ်ကွက်မှ သူတောင်းစားအဘွားအို တစ်ဦးသည် အသက်တမ်းကုန်၍ သေဆုံးခါနီး ဆဲဆဲတွင် သံဃာတော်များ ခြံရံလျက် ဆွမ်းခံကြွတော်မူလာသော ဘုရားရှင်နှင့် ခရီးရင်ဆိုင် တွေ့ဆုံ မိလေ၏။ ဘုရားရှင်သည် နာရီပိုင်းအတွင်း သေဆုံးကာ ငရဲသို့ ကျရောက်တော့မည်ဖြစ်သော အဘွားအိုအား သနားကရုဏာ ကြီးစွာဖြစ်တော်မူသဖြင့် အဘွားအို၏ ရှေ့နားအရောက်တွင် ရပ်တော်မူသည်။

ထိုအခြင်းအရာကို သိတော်မူသော လက်ဝဲတော်ရံ ရှင်မဟာမောဂ္ဂလာန်က ထိုအဘွားအိုအား အသက်ကုန်ဆုံးခါနီးနေသဖြင့် ဘုရားရှင်အား ရှိခိုးရန် တိုက်တွန်းလေသည်။ အဘွားအိုသည် ထိတ်လန့် သံဝေဂဖြစ်၍ ဘုရားရှင်၌ ကြည်ညိုကာ ရှိခိုးလေသည်။ အဘွားအိုသည် မကြာမီ နာရီပိုင်း အတွင်း သားမွေးခါစ နွားမ ဝှေ့သဖြင့် သေဆုံးကာ တာဝတိံသာ နတ်ပြည်၌ နတ်သမီး အခြွေအရံတစ်ထောင် ခြံရံသော နတ်သမီး အချောအလှတစ်ပါး ဖြစ်ရလေသည်။ ဗုဒ္ဓ၏ ကျေးဇူးဂုဏ်တော်များသည် ရေးသား၍





မကုန်နိုင်အောင် များပြားလွန်းလှသည်။ အံ့ချီးမကုန် ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားဂုဏ်တော်များကို ပွားများသူသည် အံ့ချီးမကုန်နိုင်သော အံ့သြဖွယ်ကောင်းကျိုးများကို မုချရရှိမည်ဖြစ်ပေသည်။

(ဝိမာန ဝတ္ထု)



စင်ကာပူနိုင်ငံ၊ သစ္စာပါရမီ
ဒေါက်တာ အရှင်ဇယတိဿ
ရေးသားပူဇော်သည်။
ဖုန်း - ၆၅၂၄၆၃၄၄၊ ၈၁၂၁၀၄၉၃
http:/thitsarparami.org
HP : (65) 81210493 Tel : (65) 65246344
ashinjayatissa@gmail.com





# ဘုရားဂုဏ်တော် (၉) ပါးနှင့် ဂုဏ်တော်ပွားများရခြင်း အကျိုး

ဓမ္မဒါနအလှူရှင်

www.thitsarparamisociety.org

## ဘုရားဂုဏ်တော် ( ၉ ) ပါး ပွားများရခြင်း အကျိုး

အရဟံ ဂုဏ်တော်ပွားက လာဘ်လာဘ ရွှင်ကြည်၊ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ရည် ထက်မြက်သည် ဉာဏ်ပွား ၊ ဝိဇ္ဇာ စရဏ သမ္ပန္နော ၊ ကြံတိုင်းသာ ပြီးချက်ကများ၊ သုဂတ စကားအရာမှာ ကိုယ်ကသာ နိုင်ပြား၊ လောကဂုဏ် ထပ်ဆင့်ပွားလို့ ပိုမြင့်ပြား သိပ္ပါ၊ အနုတ္တရာ ပူဇော်ခြင်း ၊ ပြိုင်ဘက်ကင်း ဖြစ်ရမှန်စွာ၊ သတ္ထာဒေဝ မနုဿာ၊ နှုတ်အာဏာ ရွှင်ပြလို့၊ ဗုဒ္ဓေါ ပ ပရစိတ္တံ သိလိမ့် ကေန် ၊ ဘဂဝါ ဘုန်းဂုဏ်လျှံကို၊ ယုံကြည်အမှန် ပွားစမ်းပါစို့လေး ... ၊ ဂုဏ်ကိုးဝ တစ်နည်းဆိုမည်၊ ပုတီးကိုရည် စိပ်စမ်းပါစို့လေး...။

(ပညာရှင်တစ်ဦး)

(၁) အရဟံ - ကိလေသာ အပူကင်း၍ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။
(လာဘ်လာဘရွှင်ခြင်းအကျိုး)။

(၂) သမ္မာသမ္ဗုဒ္ဓေါ - သစ္စာလေးပါးတရားကို ဆရာမရှိ ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရား (ဉာဏ်ရည်ထက်မြက်ခြင်း)

(၃) ဝိဇ္ဇာစရဏသမ္ပန္နော - အသိဉာဏ်ဝိဇ္ဇာ၊ အကျင့်စရဏနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
(အကြံအစည် အောင်မြင်ခြင်း)

www.thitsarparamisociety.org

(၄) သုဂတော - ကောင်းသော စကားကိုသာ ပြောဆိုတော်မူတတ်သော မြတ်စွာဘုရား။
(မိမိစကား အောင်နိုင်ခြင်း)။

(၅) လောကဝိဒူ - သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက လောကသုံးပါးကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရား။
(ရာထူးဂုဏ်ကြီးမြင့်ခြင်း)။

(၆) အနုတ္တရောပုရိသဒမ္မသာရထိ - မယဉ်ကျေးသေးသော လူနတ်ပြဟ္မာသတ္တဝါတို့ကို တုတ်ဓားမပါ တရားဘာဝနာဖြင့် ယဉ်ကျေးအောင် ဆုံးမတော် မူနိုင်သော မြတ်စွာဘုရား။
(ယှဉ်ပြိုင်ရာ၌ မိမိက အနိုင်ရရှိ၍ ဆုတံဆိပ်ရရှိခြင်း)။

(၇) သတ္ထာဒေဝမနုဿာနံ - လူနတ်ပြဟ္မာ သတ္တဝါတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော မြတ်စွာဘုရား။
(မိမိစကား၊ မိမိအာဏာ စူးရှထက်မြက်ခြင်း)။

(၈) ဗုဒ္ဓေါ - သစ္စာလေးပါး တရားတော်ကို မိမိကိုယ်တော်တိုင်လည်းသိ၊ သူတစ်ပါးတို့ကိုလည်း သိအောင် ဟောပြတော်မူသော မြတ်စွာဘုရား။
(သူတစ်ပါးအကြံကို ကြိုတင်သိရခြင်း)။

(၉) ဘဝဝါ - ဘုန်းတော်ခြောက်စုံ ဂုဏ်တော် အနန္တ နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
(ဘုန်းဂုဏ်တန်ခိုးနှင့် ပြည့်စုံခြင်း)။

www.thitsarparamisociety.org



## ဘုရားဂုဏ်တော် ကြည်ညို ပွားများရခြင်း ဝတ္ထုသာဓက ( ၁ )

အိန္ဒိယနိုင်ငံ၊ သာဝတ္ထိပြည်သား သူဌေးကြီး ဦးကပ်စေး၏သား မောင်နားတောင်းသည် အသားဝါရောဂါဖြင့် သေဆုံးခါနီးဆဲဆဲတွင် မိမိအိမ်ရှေ့သို့ သံဃာတော်များစွာနှင့် ဆွမ်းခံကြွဝင်တော်မူလာသော ဘုရားရှင်ကို ဖူးမြင်ရ၍ ကြည်ညိုသော စိတ်ဖြင့် ကွယ်လွန်သောအခါ တာဝတိံသာ နတ်ပြည်၌ တစ်ဆယ့်နှစ်ယူဇနာ ရှိသော နတ်ဗိမာန်ပိုင်ရှင် နတ်သား အချော အလှဖြစ်ရသည်။

နတ်သားဘဝဖြင့် မိမိဖခင်၏ ဆွမ်းအလှူပွဲတွင် ဘုရားရှင်ဟောသော တရားတော်ကို နာရ၍ သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်ကာ သောတာပန် နတ်သား ဖြစ်ရသည်။

( ဓမ္မပဒ အဋ္ဌကထာ )

www.thitsarparamisociety.org